ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့၊ (9-12-2008) (၅၈၈၇)

**အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ**

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အစည်းအဝေး (၂/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အစည်းအဝေး (၂/၂၀၀၈) ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

**ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အစည်းအဝေး (၂/၂၀၀၈)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။**

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတစ်ခုတည်းကိုသာ အားကိုးမနေဘဲ ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပေးသွားမည့် အစီအမံများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးက ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များအနက်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စိုက်ပျိုးရေ၊ သောက်သုံးရေ ပူလုံရရှိစေပြီး ဒေသစိမ်းလန်းစိုပြည်ရေး အထောက်အကူပြု မြောက်ယမား ရေကူရေလှောင်တမံ



**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ခင်မောင်သန်း(စက်မှု)**

**စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် မြောက်ယမား ရေကူရေလှောင်တမံ ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ တည်ဆောက်ပြုပြင်ရေး စသည့် လုပ်ငန်းများကို တောင်ပေါ်၊ မြေပြန့်၊ နယ်စပ်ဒေသများသာမက ကမ်းရိုးတန်းဒေသပါမကျန် မြန်မာနိုင်ငံအနှံ့အပြားတွင် ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် နိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုနိုင်ရန် စဉ်ဆက်မပြတ်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❀**

ကြေးမုံ
The Mirror

၉-၁၂-၂၀၀၈
(အင်္ဂါနေ့)

## အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း သီးနှံများ ထုတ်လုပ်တင်ပို့

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ ရာသီဥတု ညီညွတ်မျှတကောင်းမွန်ပြီး နိုင်ငံ၏ လူဦးရေအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်လျက်ရှိကြသည်။ လယ်ယာကဏ္ဍမှ သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ် နိုင်သည်နှင့်အမျှ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးပေးနေသည်။ နိုင်ငံတစ်ဝန်း၌ ဆည်တမံ ရေထိန်းတံခါးပေါင်း ၂၁၆ ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ ခုတို့ကို ဖြန့်ကြက်တည်ဆောက်ပေးထားရာ ဆည်ရေသောက်စိုက်ပျိုးမြေများ တိုးတက်လာသည်။ မိုးစပါး၊ နွေစပါးနှင့် ပဲ၊ နှမ်း၊ နေကြာတို့ကိုပါ သီးထပ် သီးညှပ်စိုက်ပျိုး အထွက်တိုး အကျိုးဖြစ်ထွန်းလျက်ရှိသည်။

ဆန်စပါးတစ်မျိုးတည်းတွင်ပင် စပါးစိုက်ဧက ၁၉ သန်းကျော်ရှိပြီး စပါးအထွက် တင်းသန်းပေါင်း ၁၅၀၀ ကျော်ထွက်ရှိကြောင်း တွေ့ရသည်။ ဆန်စပါး ထုတ်လုပ်မှုမှာ နိုင်ငံလူဦးရေနှင့် စားသုံးမှု အခြေအနေအရ ဖူလုံပိုလျှံနေသဖြင့် ပြည်ပသို့ ပိုမိုတင်ပို့ ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံတော်နှင့် စိုက်ပျိုးသူ တောင်သူလယ်သမားများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းရရှိကြမည်ဖြစ်သည်။

ဆန်စပါးအပါအဝင် ဈေးကွက်ရှိသော သီးနှံများကို နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် သီးနှံအရည်အသွေး ကောင်းမွန်ရေး၊ အထွက်နှုန်းတိုးရေးတို့ကို အလေးထား လုပ်ကိုင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် အရည်အသွေးကောင်းသော သီးနှံမျိုးများ အသုံးပြုရေး၊ မြေအမျိုးအစားအလိုက် ပြုပြင်စိုက်ပျိုးရေး၊ လိုအပ်သည့် ဓာတ်မြေဩဇာများ လိုအပ်ချက်နှင့်အညီ အသုံးပြုရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာကောင်းမွန်ရေး လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတကာဈေးကွက်သို့ သီးနှံများ တင်သွင်းသည့်အခါ စားသုံးသူများ ဘေးဥပဒ်မဖြစ်ရေးကိုပါ အလေးထားလျက်ရှိကြရာ မိမိတို့၏သီးနှံများ စံချိန်စံညွှန်းမီ အရည်သွေးကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေရရှိရေး၊ အထွက်တိုး မျိုးကောင်းမျိုးသန့်စပါးများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ သီးနှံလေလွင့် ပျက်စီးဆုံးရှုံးမှု နည်းပါးရေး၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုလာရေးတို့ကို ပံ့ပိုးကူညီလျက်ရှိရာ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများက အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသီးနှံများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်တင်ပို့နိုင်ရေး အားထုတ်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




## ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်အမှာစကားပြောကြား၊ ဆုများချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၈

ဧရာဝတီတိုင်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်အမှာစကား ပြောကြားပြီး ၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပိုစတာပြိုင်ပွဲတွင် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့တွင် ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဓါတ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာသူများသည် မာရီစတုတ်အင်တာနေရှင်နယ် (မြန်မာ)ပုသိမ်မှ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ပညာပေး ဇာတ်လမ်းနှင့် ပညာပေးတေးသီချင်းများ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

**ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကား ပြောကြားသည်။**

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများက ပြည်နယ်၊ တိုင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ သင်ကြားရေးနှင့် ကျောင်းစစ်ဆေးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြပြီး လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၆ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့်ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြကြပြီးအခြေခံပညာကဏ္ဍလုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်းကလည်းကောင်း၊အဆင့်မြင့် ပညာကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးညွန့်က လည်းကောင်း လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြသည်။

ထို့နောက်ဝန်ကြီးက လုပ်ငန်းအောင်မြင်ရေးအတွက်တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန်၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊စစ်ဆေးရေးလုပ်ငန်းများ ထိရောက်အောင်မြင်ရေး၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းပညာရေးဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

## မော်လမြိုင် ပညာရေးကောလိပ် တတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

မော်လမြိုင် ပညာရေးကောလိပ် (ယခင်မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ) ၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်း၊ ဆရာ၊ ဆရာမများသည် မိမိတို့အား ပညာသင်ပေးခဲ့သော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၇၅ ဦးတို့အား တတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ၂၀၀၉ နှစ် ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ငွေ လှူဒါန်းလိုသူများသည် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများမှတစ်ဆင့် ပြည်နယ်၊ တိုင်းပညာရေးမှူးများ (မွန်၊ ကရင်၊ တနင်္သာရီ၊ ဧရာဝတီတိုင်း၊ ပဲခူး) သို့ ဆက်သွယ်၍လည်းကောင်း၊ ဦးထွန်းရီ ဖုန်း-၀၅၇-၂၇၁၄၉၊ ဦးအန်းကူ ဖုန်း-၀၅၈-၂၁၁၃၃၊ဦးခင်မောင်ဦး(သံဖြူဇရပ်)၊ မော်လမြိုင် ပညာရေးကောလိပ်မှ ဦးမင်းပန်းအေး၊ ဒေါ်မေသန်းကြည်၊ ဒေါ်သန်းသန်းဝေ ဖုန်း-၀၅၇-၂၇၁၀၇၊ ဒေါ်ဟန်ရွှေ ဖုန်း-၀၅၈-၂၁၉၂၁ တို့သို့ ဆက်သွယ်၍ လည်းကောင်း လှူဒါန်းနိုင်သည်။ ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် အကျိုးဆောင်အဖွဲ့မှ ဖိတ်ကြားနိုးဆော်ထား၍ မော်လမြိုင်သို့လိုက်ပါလိုသူများသည် အငြိမ်းစားဆရာမ ဒေါ်သန်းငွေး ဖုန်း-၀၁-၅၁၀၇၇၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## မုဒုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

မုဒုံမြို့နယ်အသင်း (ရန်ကုန်)၏ (၁၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ အသက်(၈၀)နှင့်အထက် အသင်းဝင်များ၏ မိဘသက်ကြီး ၇၂ ဦးတို့အား ပူဇော်ကန်တော့ပွဲ၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူး၄ဘာသာရရှိသည့် ထူးချွန်ကျောင်းသားနှစ်ဦး အပါအဝင် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီး၁၄ဦးတို့အား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရရှိသူ သုံးဦးတို့အား ဂုဏ်ပြုပွဲတို့ကို ၁၃၇၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၂ရက်၊ ဒီဇင်ဘာ ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြစပယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဘိုးဘွားများ၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းခံရသည့်ကျောင်းသား ကျောင်းသူများ၊ အသင်းဝင်များ၊ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသင်းဝင်လိုသူ မုဒုံမြို့နယ်သူ မြို့နယ်သားများလည်း အဆိုပါ အခမ်းအနားသို့ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)




## အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး အလှူငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ပြည်တွင်း၊ ပြည်ပဆရာကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ၁၉၈၇ ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရသူများကိုယ်စား ဦးကိုကိုထွေးက ငွေကျပ် သုံးသိန်းကို ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်လင်းထံ ပေးအပ်လှူဒါန်းသည်။ **(ဓါတ်ပုံ)** (ကြေးမုံ)

# မန္တလေးတိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အဆောက်အအုံ၊ အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

**မန္တလေးတိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အဆောက်အအုံ၊ အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း မန္တလေးမြို့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ အထက်မြန်မာပြည်တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**




**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထံ မန္တလေးတိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အဆောက်အအုံ၊ အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ကျေးလက်လမ်းများ ကောင်းမွန်စေရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ ကျန်းမာရေးအခြေခံကောင်းများ ရရှိစေရေး၊ ပညာရေးအခြေခံကောင်းများ ရရှိစေရေးစသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် ပြည်သူများအသိအမြင် ဗဟုသုတကျယ်ပြန့်စေရေးအတွက် ကျေးရွာအားလုံး၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်း ဖွင့်လှစ်ထူထောင်ပေးလျက်ရှိကြောင်း၊ တည်ထောင်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ပြုစု ပျိုးထောင်ပေးနေကြရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး အမြဲရှင်သန်နေအောင် စာကြည့်တိုက်အဆောက်အအုံများ၊ ပရိဘောဂနှင့် စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားစက်များ၊ ရေဒီယိုများကို ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ ဌာနဆိုင်ရာများက အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး စေတနာထက်သန်စွာ ဝိုင်းဝန်းလှူဒါန်းကြသည့်အတွက် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ဆက်လက်ပံ့ပိုးကူညီ ဖြည့်ဆည်း ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများရရှိလာပြီး စာပေဗဟုသုတပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာကာ နည်းပညာဆိုင်ရာများတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ရည်ရွယ်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ခြင်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ပေးလျက်ရှိကြောင်း၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရုံမျှသာမက ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင် အား(၄)အားဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသည့် ရွှေချည်ထိုးလုပ်ငန်းပိုင်ရှင် ဦးစိန်မြင့်က အမရပူရမြို့နယ် မကျီးကိုင်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ငွေကျပ် ၂၅သိန်း၊ ယူနီဗာ့စ်ဟိုတယ် မန်နေဂျင်းဒါရိုက်တာ ဦးစံရွှေမြင့်က ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၂၀၊ မြဘုရင် နို့ချက်လုပ်ငန်းမှ ဦးဝင်းမောင်-ဒေါ်မြရင် မိသားစုက တံတားဦးမြို့နယ် အိမ်ကန်ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀၊ ဦးဂျမ်း(ဦးဂျမ်းလုံချည်)၊ ဦးသိန်းထွန်း (အေးသုံးလုံး)၊ ဦးလှမောင်သိန်း(သကြားစက်လုပ်ငန်း)၊ ဦးစိုးနိုင်တို့က အမရပူရမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လေးတိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ် ၆၈သိန်း၊ ဦးတင်မောင်(ဂရိတ်ဝေါ)က အင်တိုင်းကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၀သိန်း၊ ဦးမျိုးသန့် (ကေသီဦး ရောင်းဝယ်ရေး)က မြစ်သားမြို့နယ် ကေသီဦးစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၀သိန်း၊ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လှူဒါန်းငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် မန္တလေးတိုင်းအတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ငွေကျပ် သုံးသိန်းနှင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကငွေကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ် ခြောက်သိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မန္တလေးတိုင်းအတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် တိုင်းအတွင်းရှိ အထက်မြန်မာပြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများမှ ငွေကျပ် ၅၂သိန်း တန်ဖိုးရှိ အသင့်ချုပ်ပြီး သတင်းစာ စာအုပ်ရေ ၁၃၀၀၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သီရိသုမေ္ဓမဏိ ဇောတဓရ ဒေါက်တာကျော်ဇော-ဒေါ်မေမျိုးမြတ်မိသားစု(စာပန်းအိမ်ဘော်ဒါ)က ငွေကျပ် ၁၀သိန်း၊ မြင်းခြံခရိုင် မြင်းခြံမြို့နယ် စာကြည့်တိုက် အဆောက်အအုံ သုံးခုအတွက် ငွေကျပ် ၁၆သိန်းခွဲ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက် ၄၇တိုက်အတွက် ငွေကျပ်သိန်း ၃၀၀၊ အမရပူရမြို့နယ်အတွင်းရှိ စာကြည့်တိုက် အဆောက်အအုံ ၁၉တိုက်အတွက် ငွေကျပ် ၁၈၆သိန်း၊ ပုသိမ်ကြီးမြို့နယ် အတွင်းရှိ စာကြည့်တိုက်အဆောက်အအုံ ခုနစ်တိုက်နှင့် ကျေးရွာ ၃၃ရွာ အတွက် ရပ်မိရပ်ဖများက မတည်လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၁၃၄သိန်း၊ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ချမ်းမြရတနာစာကြည့်တိုက်အဆောက်အအုံ အတွက် အလှူငွေကျပ် ၁၈သိန်းနှင့် စာကြည့်တိုက် ၁၇တိုက်အတွက် လှူဒါန်းငွေကျပ် ၁၇သိန်း စုစုပေါင်းအလှူငွေကျပ် ၃၅သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အလှူရှင် မဟာအောင်မြေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက မြို့နယ်အတွင်းရှိ စာကြည့်တိုက် ၁၈တိုက်အတွက် လှူဒါန်းငွေကျပ်သိန်း ၂၀၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ စာကြည့်တိုက် နှစ်တိုက်နှင့် စာအုပ်စာစောင်များ ဖြည့်တင်းနိုင်ရန်အတွက် အလှူငွေကျပ် ၂၉သိန်း၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် လှူဒါန်းငွေကျပ် ၂၄သိန်း၊ ပြည်ကြီးတံခွန်မြို့နယ် အတွင်းရှိ စာကြည့်တိုက်များ အတွက် လှူဒါန်းငွေကျပ် ၁၁သိန်း၊ ချမ်းမြသာစည်မြို့နယ် စာကြည့်တိုက် အဆောက်အအုံ သုံးခုအတွက် လှူဒါန်းငွေကျပ် ၅၈သိန်း၊ ချမ်းမြသာစည် မြို့နယ်အတွင်းရှိ အထက/အလက ကျောင်းများမှ လှူဒါန်းသော ငွေကျပ် ၁၂သိန်းတန်ဖိုးရှိ စာအုပ်စာစောင်တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ် ၁၁သိန်း၊ တကောင်းမြို့ သုခမိန်စာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ် ၃၇သိန်း၊ ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာ စာကြည့်တိုက် အတွက် အလှူရှင် ကိုးဦးက စုပေါင်း လှူဒါန်းငွေကျပ် ၂၆သိန်း၊ ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာ စာကြည့်တိုက်အတွက် အလှူရှင် ရှစ်ဦးက စုပေါင်း လှူဒါန်းငွေကျပ် ခုနစ်သိန်း၊ ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန် ငွေကျပ်သိန်း ၃၀တန်ဖိုးရှိ မြေနေရာ၊ မတ္တရာမြို့နယ်အတွင်းရှိ စာကြည့်တိုက်များနှင့် ကျောက်စရစ်ကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် လှူဒါန်းငွေကျပ် ၅၁သိန်း၊ တူဒေးစာအုပ်တိုက်မှ ငွေကျပ် ၁၅သိန်းတန်ဖိုးရှိစာအုပ်စာစောင် ၁၂၀၀၊ ထွန်းဦးစာပေမှ ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ စာအုပ်စာစောင် ၈၂၀၀၊ Upper Myanmar၊ ရွှေမန္တလေးတာဝန်ခံ ဦးမျိုးဝင်းက ငွေကျပ် တစ်သိန်း တန်ဖိုးရှိ ဂျာနယ်မျိုးစုံ ၅၀၀၊ နန်းမြင့်ဂျာနယ်အယ်ဒီတာချုပ်(ဆွေနိုင်စစ်)က ငွေကျပ် တစ်သိန်း တန်ဖိုးရှိ ဂျာနယ်မျိုးစုံ ၅၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ထို့နောက် ကျောက်ပန်းတောင်း၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များရှိ ကျေးရွာစာကြည့်တိုက် ၁၈တိုက်အတွက် လှူဒါန်းငွေကျပ် စုစုပေါင်း ၄၆၂သိန်း၊ ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ရှိ ကျေးရွာ စာကြည့်တိုက် ခုနစ်တိုက်အတွက် စုစုပေါင်းလှူဒါန်းငွေကျပ် ၂၁၂သိန်း၊ ဦးညိုမင်း(မိုးနတ်သူ မီဒီယာ)က ပြင်ဦးလွင်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် မတည်ငွေကျပ် နှစ်သိန်း၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင် ရပ်ကွက်နေ ဦးမျိုးလွင်(ဆန်နှင့် မီးသွေးရောင်းဝယ်ရေးလုပ်ငန်း)က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ငွေကျပ် နှစ်သိန်း၊ ပြည်ကြီးတံခွန်မြို့နယ် ဗိုလ်မှူးမောင်စိုး(ငြိမ်း)၊ ဦးကျော်ငြိမ်း၊ ဦးမြင့်အောင်တို့က လှူဒါန်းငွေကျပ် တစ်သိန်းခွဲ၊ ဦးမြတ်ကျော်(စက်မှုလုပ်ငန်းရှင်၊ ပြည်ကြီးတံခွန်)က လှူဒါန်းငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ချမ်းမြသာစည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဦးမြင့်ဆွေ၊ ဒေါ်သင်းသင်း၊ ဦးခင်မောင်ညို၊ ဦးဖုန်းတို့က လှူဒါန်းငွေကျပ် တစ်သိန်း၊ ဦးသန်းထွန်း၊ ဒေါ်မမနိုင်(ရုပ်သေး)က လှူဒါန်းငွေကျပ် တစ်သိန်း၊ စဉ့်ကိုင်မြို့နယ် စာကြည့်တိုက်များအတွက် ရတနာစည်ဆရာတော်(လွိုင်လင်)၏ လှူဒါန်းငွေကျပ် တစ်သိန်းနှင့် ဦးထွန်းထွန်းနိုင်မှ လှူဒါန်းငွေကျပ် ငါးသောင်း စုစုပေါင်း လှူဒါန်းငွေကျပ် တစ်သိန်းခွဲ၊ ကျောက်ဆည်ခရိုင်ကျေးရွာ စာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ် နှစ်သိန်း၊ မြန်မာတိုင်း(မ်)ဂျာနယ်မှ ဂျာနယ် ၃၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းထွန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ထံ မန္တလေးတိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အဆောက်အအုံ၊ အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

လှူဒါန်းပွဲအခမ်းအနားတွင် မန္တလေးတိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဌာနဆိုင်ရာများ၊ စေတနာရှင်များနှင့် ဒေသခံပြည်သူများမှ လှူဒါန်းမှုစုစုပေါင်းမှာ အဆောက်အအုံ ၁၂၁ခုအတွက် တန်ဖိုးငွေကျပ် ၁၅၅၉သိန်း၊ စာအုပ်စာစောင် ၂၂၄၆၆စောင်၊ တန်ဖိုးငွေကျပ် ၁၆၁သိန်း၊ မတည်လှူဒါန်းငွေကျပ် သိန်း ၃၀၀စုစုပေါင်းလှူဒါန်းမှု တန်ဖိုးငွေကျပ်သိန်း ၂၀၂၀ ဖြစ်သည်။

လှူဒါန်းပွဲအခမ်းအနားအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးများအား တွေ့ဆုံ၍ ရေရှည်တည်တံ့ခိုင်မြဲသော အရည်အသွေးပြည့်ဝသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းအားလုံးသည် အမျိုးသား အကျိုးစီးပွားဘက်တော်သား၊ အရည်အသွေးမြင့်မားသော မီဒီယာ သမားများဖြစ်လာအောင် ကြိုးပမ်းကြစေလိုကြောင်းဖြင့် မှာကြားခဲ့ပြီး ဌာနများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၈**

ပြည်မြန်မာ သတင်းဂျာနယ် အမှတ် (၆၄၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိSwesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာ သတင်းဂျာနယ်၌ ပြည်တွင်းတွင် တစ်ခါသုံး Sim Card များဖြင့် 10 FEC သုံးစွဲ၍ အများဆုံး နှစ်ပတ်ကြာ ကာလအထိ GSM ဖုန်း သုံးနိုင်တော့မည်၊ ယာယီရပ်နားထားသည့် CNG ပြောင်းလဲတပ်ဆင်ခြင်းကို ပြန်လည်ခွင့်ပြု၊ Wi Max စနစ်ကို ရန်ကုန်၌သာမက မန္တလေး၌ပါ အသုံးပြုနိုင်တော့မည်၊ မြန်မာ့ပထမဦးဆုံး Miss ITရွေးပွဲကျင်းပမည်၊ မြန်မာကျွမ်းကျင်လုပ်သားများ အလုပ်အကိုင် တိုးမြှင့်ရရှိစေရန် မြန်မာနှင့် စင်ကာပူ ပူးပေါင်းဆောင်ရွက်မည်၊ မော်လမြိုင်ဈေးကြီး မီးလောင်မှုအတွက် တစ်လအတွင်း အာမခံလျော်ကြေးငွေ ပေးမည်၊ ပင်လယ်ရေမှော် အမြောက်အမြား ပြည်ပသုံးနိုင်ငံသို့ တင်ပို့၊ အဆောက်အအုံဆောက်လုပ်ပြီး အခွန်ငွေပေးသွင်းပြီးမှ လူနေထိုင်ခွင့်ချပေးမည်၊ နှလုံးရော အသည်းပါ အပြင်ရောက်လျက်သား ကလေးငယ်တစ်ဦး မွေးဖွား၊ ခရီးသည် ၆၅၀ ပါဝင်သည့် ဇိမ်ခံသင်္ဘောကြီး ဓားပြရန်မှ သီသီလေးလွတ်ခဲ့၊ ဒုတိယမြောက်အဖြစ် နယူးဒေလီမြို့ကို တိုက်ခိုက်ရန် အစီအစဉ်ရှိနေဟုဆိုသဖြင့်၊ ဗိုက်ခွဲမွေးခဲ့ရသော ကလေးငယ်များ ရင်ကျပ်ပန်းနာ ပိုဖြစ်လေ့ရှိ၊ လူပေါင်း ၅၀၀၀ အထိ သတ်ဖြတ်ရန် အစီအစဉ်ရှိခဲ့ဟု အရှင်ဖမ်းမိခဲ့သည့် အကြမ်းဖက်သမားကထွက်ဆို၊ စနေဂြိုဟ်၏ အရန်ဂြိုဟ်မှနေ၍ ရေများအရှိန်ပြင်းစွာ ပန်းထွက်နေ၊ အနာဂတ်တွင် အင်ဒိုနီးရှားမှကျွန်းငယ် ၂၀၀၀ခန့် ပျောက်ဆုံးရဖွယ်ရှိ၊ အသက် ၁၀၆နှစ်ဘွားဘွား၏ ၂၂ ယောက်မြောက် ခင်ပွန်းသည်က ၃၇နှစ်အရွယ်သာရှိ စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပို စာမျက်နှာများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




# ပါကစ္စတန်တွင် အမေရိကန် စစ်ဘက်ယာဉ် ၁၆၀ ကျော် မီးရှို့ဖျက်ဆီးခံရ

**ပက်ရှာဝါ (ပါကစ္စတန်)**
**ဒီဇင်ဘာ ၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှာဝါမြို့အနီးသယ်ယူပို့ဆောင်ရေး ရပ်နားစခန်းအတွင်းမှ အာဖဂန်နစ္စတန်ရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များထံ ပို့ဆောင်မည့် မော်တော်ယာဉ်အစီး ၁၆၀ ကျော်ကို သေနတ်သမားများက တနင်္ဂနွေနေ့တွင် ဝင်ရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေး လမ်းကြောင်းအား အကြီးမားဆုံး တိုက်ခိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။



အရုဏ်မတက်မီ အချိန်တွင် လက်နက်ကိုင်များသည်စခန်းအစောင့်ဂိတ်အား ဗုံးပစ်လောင်ချာဖြင့်ပစ်ခတ်ဖျက်ဆီးပြီး ဝင်ရောက်လာကြောင်း၊ အစောင့်တစ်ဦးအားလည်း ပစ်သတ်သွားကြောင်း၊ ဟမ်းဗီးကားအစီး ၇၀ ခန့်အပါအဝင်မော်တော်ယာဉ်စုစုပေါင်း ၁၆၀ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း စခန်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ကီးဖာယူတူလာခန်းက ပြောကြားသည်။

ဟမ်းဗီးကားတစ်စီးလျှင် တပ်ဆင်သော အသုံးအဆောင်ပစ္စည်းကိရိယာများပေါ်မူတည်၍အမေရိကန်ဒေါ်လာ တစ်သိန်းစီ တန်ဖိုးရှိရာ တနင်္ဂနွေနေ့က စုစုပေါင်း ဆုံးရှုံးမှုသည် ဒေါ်လာ ၁၀သန်းကျော်ဖြစ်သည်ဟုဆိုသည်။

သယ်ယူပို့ဆောင်ရေးစာရွက်စာတမ်းများအရ အဆိုပါ မော်တော်ယာဉ်များသည် အမေရိကန်တပ်ဖွဲ့များနှင့် အနောက်နိုင်ငံများက လေ့ကျင့်ပေးထားသော အာဖဂန်အမျိုးသား တပ်ဖွဲ့များအတွက်ဖြစ်သည်ဟု ခန်းက ပြောကြားသည်။

ဝင်ရောက်တိုက်ခိုက်သောလက်နက်ကိုင်များမှာ ၃၀၀ ခန့်ရှိသည်ဟု ခန်းက ပြောကြားသည်။ ရဲတပ်ဖွဲ့အရာရှိ ကာရှစ်အလန်ကမူ ၃၀ ခန့် သာရှိသည်ဟုဆိုသည်။ ***အင်တာနက်။***

**ပါကစ္စတန်နိုင်ငံ ပက်ရှာဝါအရပ်ရှိ ကားဝင်းအတွင်း ရပ်နားထားသော အမေရိကန်စစ်ယာဉ်များအား အတိုက်ခိုက်ခံရ၍ ပျက်စီးနေသည်ကို ဒီဇင်ဘာ ၇ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ကယ်ကွတ်တွင် အသေခံဗုံးခွဲတိုက်ခိုက် ရဲတပ်သားသစ် တစ်ဦးသေ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၈**

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံကြွယ်ဝသော ကယ်ကွတ်မြို့ ရဲတပ်ဖွဲ့သင်တန်းကျောင်း၏ အပြင်ဘက်၌ ရဲတပ်ဖွဲ့ဝင်သစ်များ အတွင်းသို့ ဝင်ရောက်၍ အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲရာတပ်သားသစ်တစ်ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးများပါဝင်သော ဖောက်ခွဲရေးအင်္ကျီ ဝတ်ဆင်ထားသည့် အသေခံဗုံးခွဲသမားတစ်ဦးသည် ရဲတပ်ဖွဲ့သင်တန်းကျောင်း၏ အပြင်တွင် တန်းစီနေသော ရဲတပ်ဖွဲ့ဝင်အသစ်များကို ဗုံးခွဲတိုက်ခိုက်ရာတစ်ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း ကယ်ကွတ်မြို့ ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးချုပ်ဘာဟန်ဝါဆစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင်များပါဝင်ပြီး အရပ်သားများပိုင်ဆိုင်သော ကားများလည်း ပျက်စီးခဲ့သည်ဟု ဝါဆစ်က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**အီရတ်တွင်ဖြစ်ပွားသောမငြိမ်မသက်မှုများကြောင့် ဒုက္ခိတဖြစ်ရရှာသော ကလေးငယ်တစ်ဦးကိုတွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကလေးငယ်လေးဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၈**

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ အစ်ကင်ဒရိုင်ယမ်ဒေသတွင် ဒီဇင်ဘာ ၆ ရက်နေ့က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အီရတ်ကလေးငယ်လေးဦး သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၈ နှစ် ဝန်းကျင်ရှိသော ကလေးငယ်များသည် ဘဂ္ဂဒက်မြို့ တောင်ပိုင်း ကီလိုမီတာ ၅၀ခန့်အကွာရှိ ၎င်းတို့နေအိမ်အနီးမှ ကစားကွင်းတစ်ခုတွင် ဘောလုံးကစားနေစဉ် နေ့လယ် မွန်းတည့်ချိန်၌ အဆိုပါ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အမည်မဖော်လိုသူ တစ်ဦးက ပြောကြားသည်။

အချင်းဖြစ်ပွားရာနေရာသို့ ဗုံးရှင်းလင်းရေးအဖွဲ့ဝင်များချက်ချင်းရောက်ရှိလာကာ ဗုံးရှာဖွေရေးကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ပါကစ္စတန်၌ တိုက်ပွဲဖြစ် စစ်သွေးကြွ ၁၄ ဦးနှင့် အရပ်သား ခုနစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၈**

ပါကစ္စတန်နိုင်ငံရှိ မျိုးနွယ်စုများ နေထိုင်ရာဒေသသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၃ ရက်တွင် ဝင်ရောက် စီးနင်းတိုက်ခိုက်ရာမှ စစ်သွေးကြွ ၁၄ ဦး ကို ချေမှုန်းနိုင်ခဲ့ကြောင်း ပုဂ္ဂလိကပိုင်ဒွန်းရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားသည်။ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နယ်စပ်ရှိ မျိုးနွယ်စုများနေထိုင်ရာ လာကရိုဒေသသို့ ရဟတ်ယာဉ်များ၊ ဂျက်တိုက်လေယာဉ်များက လက်နက်ကိုင်စစ်သွေးကြွများ ခိုအောင်းနေထိုင်သည်ဟု သံသယရှိသော နေရာများကို တိုက်ခိုက်ခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင် စစ်သွေးကြွ ၁၄ ဦးသေဆုံးပြီး ဇီယာရက်၊ ဂါဇီယာဘက်၊ ဘက်ဂျ်ပါယာနှင့် ကယ်ရီယာ ဒေသတို့မှ အရပ်သား ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဒွန်းသတင်းရုပ်သံလိုင်းမှ ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသောကလေးငယ်များကိုဘဂ္ဂဒက်မြို့ ဆေးရုံတွင် တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# နိုင်ငံတကာ သတင်းမှတ်စု

## ပါလက်စတိုင်းအကျဉ်းသား ၂၅၀ ပြန်လွှတ်ပေး

အစ္စရေးပါလီမန်က ပါလက်စတိုင်း အကျဉ်းသား ၂၅၀ အား ဒီဇင်ဘာ ၈ ရက်တွင် ပြန်လည်လွှတ်ပေးရန် အတည်ပြုခဲ့ကြောင်းအစ္စရေး ရေဒီယိုက ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ဂျေရုဆလင်မြို့တွင် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်နှင့်ပြီးခဲ့သော နိုဝင်ဘာလကတွေ့ဆုံရာ၌ အစ္စရေး ဝန်ကြီးချုပ်အီဟွတ်အိုလ်မတ်က ပါလက်စတိုင်းအကျဉ်းသားများလွှတ်ပေးရန် ကတိပေးခဲ့သည်။

## တရားမဝင် ရွှေ့ပြောင်းလာသူများအား ဖမ်းဆီး

ယီမင်နိုင်ငံတောင်ပိုင်း ကမ်းခြေတစ်နေရာတွင် ဆိုမာလီနိုင်ငံမှ တရားမဝင်ပြောင်းရွှေ့လာသူများကို တင်ဆောင်လာသော သင်္ဘောငယ်တစ်စင်းအားဖမ်းဆီးရမိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။ ယင်းသည် အက်ဘ်ယင်ပြည်နယ် အာဝါမြို့မှအထွက် သင်္ဘောစစ်ဆေးရေးဂိတ်တွင် ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့၏ ဖမ်းဆီးခံရခြင်းဖြစ်သည်။

အဆိုပါ သင်္ဘောပေါ်တွင်တရားမဝင်ရွှေ့ပြောင်းလာသော အမျိုးသမီး ၃၅ ဦးနှင့် ကလေးငယ်များအပါအဝင် ၁၀၁ ဦး ပါရှိသည်ဟု သိရသည်။ ၎င်းတို့သည် ကုလသမဂ္ဂ၏ အစောင့်ရှောက်ခံ ဒုက္ခသည်စခန်းများသို့ သွားရောက်ရန် ကြိုးစားကြခြင်းဖြစ်သည်ဟု ဆိုသည်။

## မလေးရှား၌ မြေပြို၍ သုံးဦးသေ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ဆင်ခြေဖုံးတွင် ဒီဇင်ဘာ ၆ ရက် စောစောပိုင်းက မြေပြိုကျမှုကြောင့် သုံးဦးသေဆုံးခဲ့ပြီး ထိုအရပ်မှ လူ ၂၀၀၀ ကျော်ကိုဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းသို့ဖြစ်ပွားမှုကြောင့် ၁၅ ဦးထက်မနည်း ဒဏ်ရာရရှိပြီး အိမ်များပြိုလဲပျက်စီးသွားကြောင်း သိရသည်။ ထိုအပျက်အစီးများအောက်တွင် လူများရှိနေသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

## အိန္ဒိယဆေးရုံ၌ ဗုံးများရှာဖွေတွေ့ရှိ

အိန္ဒိယနိုင်ငံအနောက်ပိုင်း နက်ပါးမြို့ရှိဆေးရုံ၌ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများရှာဖွေတွေ့ရှိကြောင်း ဒီဇင်ဘာ ၆ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။ ဆေးရုံအတွင်း ဗုံးတစ်လုံးရှိကြောင်း ခြိမ်းခြောက်ခံရပြီးနောက် ဆရာဝန်များကရဲတပ်ဖွဲ့ထံ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

## ဘရာဇီး၌ ရေကြီး၍ ၁၂၂ ဦးသေ

ဘရာဇီးနိုင်ငံ ဆန်တာဆီတာရီနာပြည်နယ် မြို့အချို့တွင် ရေကြီးမှုကြောင့် သေဆုံးသူ ၁၂၂ဦး ဖြစ်လာကြောင်း ဒီဇင်ဘာ ၆ရက်တွင် တာဝန်ရှိသူများက ပြောကြားသည်။ သေဆုံးသူအများစုမှာ မြေပြိုကျမှုကြောင့်ဖြစ်ပြီး ၂၉ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ လူဦးရေ ၃၃၀၀၀ ခန့်မှာ ယာယီတဲများဖြင့် နေရဆဲဖြစ်ကြောင်း သိရသည်။

## ကမ္ဘာ့အရှည်ဆုံးရထားလမ်း ၉၁ ရာခိုင်နှုန်းပြီးစီး

တရုတ်နိုင်ငံမြို့တော်ပေကျင်းနှင့် ရှန်ဟိုင်းမြို့တို့ဆက်သွယ်မည့် ကမ္ဘာ့အရှည်ဆုံးမြန်နှုန်းမြင့် ရထားလမ်းဖောက်လုပ်မှု ပြီးစီးတော့မည်ဖြစ်ကြောင်း မီးရထားဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ အဆိုပါ ရထားလမ်းတည်ဆောက်မှုမှာ ၉၁ ရာခိုင်နှုန်း (၁၂၀၃ ကီလိုမီတာ) ပြီးစီးနေပြီဖြစ်သည်။

## ဗီယက်နမ်၌ ဝယ်လိုအားတက်မည်မှန်း

ဗီယက်နမ်နိုင်ငံ၏ အကြီးအကျယ်ဆုံးပွဲတော်ကာလဖြစ်သည့်လာမည့် နှစ်သစ်ကူးကာလတွင် ပြည်သူများ၏ ဝယ်လိုအားသည် ၂၀၀၇ ခုနှစ်ကထက် ၂၀ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း ဗီယက်နမ် စူပါမားကက်ကုန်တိုက်များ အသင်းဥက္ကဋ္ဌ ဗူဗင်ဖူး၏ ပြောကြားချက်ကို ကိုးကား၍ ဒေသခံမီဒီယာက ဖော်ပြသည်။

ကုန်သည်များအနေဖြင့် ကုန်ဈေးနှုန်းတက်ခြင်းမပြုနိုင်စေရန် ပွဲတော်မတိုင်မီ ကုန်စည်အလုံအလောက် ကြိုတင်သိုလှောင်ထားနိုင်ရေးအတွက် လုပ်ငန်းရှင်များထံသို့ အတိုးမဲ့ချေးငွေ အမေရိကန်ဒေါ်လာ ၉၅ သန်း ထုတ်ချေးရန်ဟန္နိုင်း စက်မှုနှင့်ကုန်သွယ်ရေးဦးစီးဌာနက ညွှန်ကြားထားသည်။

**စုစည်းဘာသာပြန်ဆိုသူ - စိုးစိုးနိုင်**

# ဆောင်းတွင်းချိန်ခါ ကျန်းမာရေး ဂရုပြုစရာများ

တက္ကသိုလ်ရွှေနတ်ရှင်

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတုသုံးပါးရှိပါသည်။ တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ကျရောက်သော ဆောင်းရာသီကာလအတွင်း ကျန်းမာရေးအတွက် မည်သို့နေထိုင် စားသောက်ရန်လိုကြောင်း၊ မည်သို့သော ဝေဒနာရောဂါများ ဖြစ်ပွားတတ်ကြောင်း၊ ယင်းဝေဒနာရောဂါများကို မည်သို့ကာကွယ်ပြုစုကုသရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုပေသည်။

ဆောင်းရာသီကာလသည် လေးလတာကြာရှည်ပြီး ရတုအနေဖြင့် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ နှစ်လတာကာလကို ဟေမရတု၊ ပြာသိုလပြည့်ကျော်တစ်ရက်နေ့မှ တပေါင်းလပြည့်အထိ နှစ်လတာကာလကို သိသိရ ရတုဟု ခေါ်ဝေါ်ကြသည်။

ဟေမရတုကာလအတွင်း ကျန်းမာသူများ၏ ရုပ်လက္ခဏာများမှာ ရေမငတ်ခြင်း(တစ်နည်းအားဖြင့် ရေသောက်နည်းခြင်း)၊ ချွေးထွက်နည်းခြင်း၊ ဆီးအရောင်ဖြူပြီး ကြည်လင်၍ ဆီးသွားသည့် ပမာဏများခြင်း၊ အစားအသောက် အအိပ်အနေနည်းခြင်း၊ ဝမ်းမှန်ခြင်း၊ အာခံတွင်းနံ့မရှိခြင်း၊ ခေါင်းအုံ့ ခေါင်းကိုက်မဖြစ်ပေါ်ခြင်း စသည်တို့ဖြစ်ပြီး မကျန်းမာသူများ၏ ရုပ်လက္ခဏာများမှာ ရေသောက်များခြင်း၊ ချွေးထွက်များခြင်း၊ ဆီးအရောင်မှာ အနီ၊ အဝါဖြစ်၍ ဆီးသွားသည့်ပမာဏနည်းခြင်း၊ အာခံတွင်းနံ့ထွက်ခြင်း၊ အအိပ်အနေ အစားအသောက်များခြင်း၊ ဝမ်းချုပ်ခြင်း၊ ခေါင်းအုံ့ ခေါင်းကိုက်ဖြစ်ခြင်းတို့ဖြစ်သည်။

ဟေမရတုကာလအတွင်း ကျန်းမာရေးအတွက် သတိပြုဆင်ခြင်ရမည့် အချက်များမှာ နံနက်စောစောအချိန်နှင့် နေဝင်၊ ညမိုးချုပ်ချိန်များတွင် ရေမချိုးမိစေရန်၊ ကျုံးရေ၊ မြောင်းရေ၊ ကန်ရေ၊ ဆည်ရေတို့ကို မသုံးမိစေရန်၊ လေတိုက်ခံခြင်းကို ရှောင်ကြဉ်ကြရန်တို့ဖြစ်သည်။

ဟေမရတုကာလတွင် ကျန်းမာစေရန်အတွက် ကျင့်ကြံဆောင်ရွက်ရမည့်အချက်များမှာ လုံခြုံနွေးထွေးစွာနေထိုင်ရန်၊ အချိန်ပေးနိုင်ပါက နေ့လယ်နေ့ခင်းတွင် ခဏတစ်ဖြုတ်အိပ်ရန်၊ အဆီအဆိမ့်နည်းသော ချို၊ ဆိမ့်၊ ဖန်၊ အေး၊ ချဉ်၊ ငန် အရသာရှိသော အစားအစာများကို စားပေးရန်၊ ဟင်းသီးဟင်းရွက်အနေဖြင့် မန်ကျည်း၊ ကင်ပွန်း၊ မုန်လာ စသည့် အသီးအရွက်များကို မန်ကျည်းနှစ်နှင့် စပ်၍ဖြစ်စေ၊ သရက်ပြား၊ မရန်းပြားနှင့် စပ်၍ဖြစ်စေ၊ ချဉ်ရည်ဟင်းအဖြစ် မကြာခဏ ချက်စားပေးခြင်း၊ ရှောက်သီးသုပ်၊ သံပရာသီးသုပ်စားခြင်း၊ ရှောက်ဖျော်ရည်၊ သံပရာဖျော်ရည်၊ မန်ကျည်းဖျော်ရည်တို့ကို သောက်ခြင်း၊ ကင်ပလင်းရွက်၊ မုန်လာရွက်၊ မုန်ညင်းရွက်၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး၊ ရှောက်သီး၊ သရက်သီး၊ စင်ပြွမ်းသီး၊ ကြက်ပေါင်သီး စသည်တို့ကို စားပေး ခြင်း၊ သားငါးများအနေဖြင့် ငါးသလဲထိုး၊ ငါးနုသန်း၊ ငါးသံချိတ်၊ ငါးနုပ်၊ ငါးမြွေထိုး၊ ငါးပတ်၊ ငါးမြင်း၊ ငါးလင်ပန်း၊ အသားများ အနေဖြင့် ဘဲသား၊ ဝက်သား၊ ငန်းသားများကို မန်ကျည်း၊သရက်ပြား၊ မရန်းပြား စသည်တို့နှင့် စပ်၍ ချက်စားရန်ဖြစ်သည်။

ဟေမ-ရတုကာလတွင် မှီဝဲသင့်သော ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၁)(သေမှုပုတိက မက်လင်ချဉ်ချွဲသလိပ်ပုပ်ပျောက်ဆေး) ကို နံနက်နှင့်ည တစ်နေ့နှစ်ကြိမ်နှုန်း၊ တစ်ကြိမ်လျှင် နှစ်ပဲသားခန့် ရေနွေးဖြင့် သောက်ပေးရန်ဖြစ်သည်။

> **သတိပြုဆင်ခြင်ရမည့် အချက်အနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်း ဆေးပညာဦးစီးဌာနမှ ဖွင့်လှစ်ထားရှိသည့် မြို့နယ် တိုင်းရင်းဆေးကုဌာနများ၊ တိုင်းရင်းဆေးရုံများနှင့် ပရဆေးဆိုင်များတွင် ရှာဖွေရယူနိုင်ပြီး ကိုယ်ဝန်ဆောင်မိခင်များ၊ ဓမ္မတာသွေးဆိုင်ရာ ရောဂါဝေဒနာခံစားနေရသူ အမျိုးသမီးများ၊ သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ ဝမ်းပျက်ဝမ်းကိုက်ရောဂါနှင့် ကျောက်ကပ်ရောဂါရှိသူများသည် တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်ပင်ပြီးမှ အသုံးပြုမည်ဆိုပါက ပိုမိုအကျိုးသက်ရောက်မှုရှိ။**

သိသိရ-ရတုကာလအတွင်း ကျန်းမာစေရန်အတွက် သတိပြုဆင်ခြင်ကြရမည့်အချက်များမှာ နံနက်စောစောအချိန်နှင့် နေဝင်မိုးချုပ်အချိန်များတွင် ရေမချိုးမိစေရန်၊ အအေးမခံမိရန်၊ အေး၊ ငန်၊ ချဉ်သော အရသာနှင့် ချို၊ ဆိမ့်၊ ဖန်အရသာရှိသည့် အစားအစာများ ဝက်သား၊ ဘဲသားများကို ရှောင်ရန် ဖြစ်သည်။

သိသိရ-ရတုကာလအတွင်း ကျန်းမာစေရန် ကျင့်ကြံဆောင်ရွက်ရမည့် အချက်များမှာ မိမိခန္ဓာကိုယ်ကို ချွေးထွက်အောင် လှုပ်ရှားမှုပြုလုပ်ခြင်း၊ နံနက်စောစောနှင့် ညနေပိုင်းအချိန်များတွင် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းစသည့် သင့်တင့်လျောက်ပတ်သည့် နည်းလမ်းများဖြင့် မိမိခန္ဓာကိုယ်ရှိ အကြောများလျော့အောင် ပြုပြင်ပေးရန်နှင့် နွေးနွေးထွေးထွေးနေရန် ပူ၊ ခါး၊ စပ်သော အစားအစာများကို စားပေးရန်တို့ဖြစ်သည်။ ဟင်းသီးဟင်းရွက်အနေဖြင့် ကြောင်လျှာသီးကို အတို့အမြုပ် လုပ်စား၍ဖြစ်စေ၊ ချက်စား၍ဖြစ်စေ၊ ကြက်ဟင်းခါးသီးကို ချက်စား၍ဖြစ်စေ၊ ခွေးတောက်ရွက် ဟင်းချို၊ ဒန့်သလွန်ရွက်ဟင်းချိုတို့ကို သောက်ပေးရန်၊ ရဲယိုရွက်ကို ပြုတ်တို့၍ ဖြစ်စေ၊ ငါးခူနှင့် ချက်စား၍ဖြစ်စေ၊ အခွံပါရှောက်သီးကို ငရုတ်သီးစပ်စပ်နှင့် သုပ်၍ဖြစ်စေ၊ ဟင်းချက်၍ဖြစ်စေ စားရန်နှင့် ကြက်သဟင်း၊ ပိုးစာ၊ ဥသျှစ်၊ ပျဉ်းတော်သိမ်၊ ပင်စိမ်းစသည်တို့ကိုလည်း သင့်တော်သလို စားသုံးသင့်ပါသည်။ အသားအနေဖြင့် ကြက်သား၊ ဆိတ်သား၊ အမဲသား၊ ချိုးသား၊ ခါသား စသည်တို့ကို ငရုတ်သီးစပ်စပ် မဆလာနိုင်နိုင်ဖြင့် ချက်စားရန်ဖြစ်သည်။

သိသိရ-ရတု ကာလအတွင်း ပူ၊ ကန်၊ ပွင့်၊ ကြေ စသည့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၃)(ဆေးပုလဲကလာပ်ဆေး)ကိုဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၅) (ပတဲမြင်းမိုရ်ကုန်းဆေး)ကိုဖြစ်စေ နံနက်ည တစ်နေ့နှစ်ကြိမ်၊ တစ်ကြိမ်လျှင် နှစ်ပဲသားခန့် ရေနွေးဖြင့် သောက်ရန်ဖြစ်သည်။ဆောင်းရာသီကာလအတွင်း ဖြစ်ပွားတတ်သောရောဂါများမှာ ဝမ်းချုပ်ခြင်း၊ ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်း၊ နှာစေးချောင်းဆိုးခြင်း စသည်တို့ဖြစ်သည်။

ဝမ်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ဝမ်းမချုပ်စေရန်အတွက် နံနက်တိုင်းရေကို ဝအောင်သောက်ခြင်း၊ အအိပ်၊ အထိုင်နည်းအောင် ပြုလုပ်ခြင်း၊ ဆီးသွားလိုမှု၊ ဝမ်းသွားလိုမှုတို့ကို အောင့်(ထိန်းချုပ်)ထားခြင်းမပြုလုပ်မိရန် ဂရုပြုဆင်ခြင်ခြင်း စသည်တို့ကို ကျင့်ကြံရပေမည်။ ဝမ်းချုပ်ပါက ညအိပ်ရာဝင်တိုင်း မန်ကျည်းဖျော်ရည်တစ်ခွက် သောက်ရန်ဖြစ်ပြီး ဝမ်းမှန်စေရန် ကင်ပွန်းချဉ်ရွက် ချဉ်ရည် သို့မဟုတ် ကန်စွန်းရွက်ကို မန်ကျည်းမှည့်နှင့် ချဉ်ရည်ဟင်း ချက်စားရမည်။ ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉) (ဆီးဒူလာဆေး) ဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၀) (ဆီးရွှင်ဝမ်းနုတ်ဆေး)ကို ဖြစ်စေ ညအိပ်ရာဝင်ချိန်တွင် နှစ်ပဲသားမှ လေးပဲသားအထိ ရေအေးနှင့်သောက်ရန် ဖြစ်သည်။

ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်းသည် ခန္ဓာကိုယ်ပြင်ပမှ အအေးဓာတ်များ ပတ်ဖွဲ့ထားပြီး အခိုးအာကာသမရရှိဘဲ ခန္ဓာကိုယ်အတွင်း ငုပ်လျှိုးနေသည့် အဖျားမျိုးဖြစ်သဖြင့် ခန္ဓာကိုယ်ကို အခိုးအာကာသပွင့်စေသည့် ဆေးများဖြင့် ပြုစုကုသရမည်ဖြစ်သည်။ ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်းအတွက် နံနက်ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၇) (သွေးဆေးနီကြီး) တစ်ပဲသားပမာဏကို ထန်းလျက်ပြုတ်ရည်တွင် ချင်း(ဂျင်း) အနည်းငယ်ထည့်၍ လက်ဖက်ရည်ပန်းကန်နှစ်လုံး ပမာဏခန့်ကို သောက်ရန်ဖြစ်ပြီး လေလုံသည့်နေရာတွင် အဝတ်ထူထူဝတ်စေလျက် စောင်ကို လုံလုံခြုံစေကာ ချွေးဖြိုင်ဖြိုင်ထွက်အောင် ချွေးထုတ်ပေးရမည်။ (သတိပြုရန်မှာ ထွက်လာသော ချွေးများကို အဝတ်ပါးပါးဖြင့် သုတ်ပေးပြီး မိမိချွေးဖြင့် ပြန်ပြီး အအေးမမိစေရန် ဖြစ်ပါသည်) နေ့လယ်ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၅) (ပတဲမြင်းမိုရ် ကုန်းဆေး) တစ်ပဲသားပမာဏကို ထန်းလျက်ပြုတ်ရည်တွင် ချင်း(ဂျင်း)အနည်းငယ်ထည့်တိုက်ပေးပြီးနှာဆေးရှူပေးခြင်း၊ကွမ်းရွက်သတ္တုရည်ကို မျက်စဉ်းအဖြစ် ခတ်ပေးခြင်းပြုရမည်။ ညနေဆေးအနေဖြင့် ညနေ ၅နာရီခန့်အချိန်တွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂၅) (ပတဲမြင်းမိုရ်ကုန်း ဆေး) တစ်ပဲသားပမာဏကို ကွမ်းရွက်ပြုတ်ရည်နှင့် သောက်ပေးရန် ဖြစ်ပါသည်။ ဝမ်းချုပ်ပါက ညအိပ်ရာဝင်တိုင်း တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉) (ဆီးဒူလာဆေး)ကိုဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၀) (ဆီးရွှင်ဝမ်းနုတ်ဆေး)ကို ဖြစ်စေ ညအိပ်ရာဝင်တွင် နှစ်ပဲသားမှ လေးပဲသားအထိ ရေအေးနှင့်သောက်ပေးရန် ဖြစ်ပါသည်။

နှာစေးချောင်းဆိုးခြင်းအတွက် နှာစေးပါက နနွင်းစစ်စစ်ကို ရေနှင့်ဆူပွက်အောင်ကျိုချက်ခြင်းမှ ထွက်ပေါ်လာသောရေနွေးငွေ့ကို ရှူပေးရပါမည်။ နှာတံကို ပရုတ်ဆီနှင့်ဖြစ်စေ၊ ရေနံဆီနှင့်ဖြစ်စေ ပါးပါးလိမ်းပေးရမည်။

ဝေဒနာကို ပျောက်ကင်းလိုသောဆန္ဒဖြင့် လွန်ကဲစွာမလိမ်းမိဖို့ ဂရုပြုရပါမည်။ ထို့ပြင် မန်ကျည်းမှည့်ရှစ်ပဲသား၊ဆားလေးပဲသားကို ရေ(လက်ဖက်ရည် ဇွန်းနှစ်ဇွန်းပမာဏ)နှင့် ဖျော်ပြီး မကြာခဏရှူပေးရန်ဖြစ်သည်။

ချောင်းခြောက်ဆိုးပါက ဇဝက်သာနှင့် ကွမ်းရွက်တစ်ကျပ်သားစီကို ရောလျက် သုံးခွက်တစ်ခွက်တင်ကျိုကာ လက်ဖက်ရည်ပန်းကန် နှစ်လုံးပမာဏကို သောက်၍ဖြစ်စေ၊ တိုင်းရင်းဆေးသုံးဆေးအမှတ်(၂၄) (လေးညှင်းကလာပ်ဆေး) သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၅) (ပတဲမြင်းမိုရ်ကုန်းဆေး)ကို ဆေးပမာဏ နှစ်ပဲသားခန့် ထန်းလျက်ပြုတ်ရည်နှင့် သောက်ပေးရမည်ဖြစ်ပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁) (သေမှုပုတိကမက်လင်ချဉ် သလိပ်ပုပ် ပျောက်ဆေး)နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂) (လေမျိုးရှစ်ဆယ်ဆေး) တို့ကို ဆတူပမာဏ ရောစပ်ပြီး မကြာခဏ လျက်ပေးရန်ဖြစ်သည်။

သတိပြုဆင်ခြင်ရမည့် အချက်အနေဖြင့် တိုင်းရင်းဆေးခန်းသုံးဆေးများကို ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဖွင့်လှစ်ထားရှိသည့် မြို့နယ်တိုင်းရင်းဆေးကုဌာနများ၊ တိုင်းရင်းဆေးရုံများနှင့် ပရဆေးဆိုင်များတွင် ရှာဖွေရယူနိုင်ပြီး ကိုယ်ဝန်ဆောင်မိခင်များ၊ ဓမ္မတာသွေးဆိုင်ရာ ရောဂါဝေဒနာခံစားနေရသူ အမျိုးသမီးများ၊သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ ဝမ်းပျက်ဝမ်းကိုက်ရောဂါနှင့် ကျောက်ကပ်ရောဂါရှိသူများသည် တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်ပင်ပြီးမှ အသုံးပြုမည်ဆိုပါက ပိုမိုအကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။

ယခုတင်ပြခဲ့သော ဆောင်းရာသီကာလအတွင်း ကျန်းမာရေးနှင့်ပြည့်စုံရန် နေထိုင်ကျင့်ကြံ စားသောက်ရမည့် အချက်များကို သိရှိရခြင်းကြောင့် အစာလည်းဆေး၊ဆေးလည်းအစာ ဆိုသည့်စကားနှင့်အညီ ရာသီအလိုက် စားသုံးရမည့် အစားအစာများကို သင့်တင့်လျောက်ပတ်စွာ စားသုံးခြင်းဖြင့် ဖြစ်ပွားတတ်သည့်ရောဂါများအတွက် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင်ရောဂါများဖြစ်ပွားပါကလည်း ပြုစုကုသနည်းများကို သိရှိသည့်အတွက် လိုအပ်သောဆေးဝါးများကို မိမိကိုယ်တိုင် တစ်ပိုင်တစ်နိုင် ကြိုတင်ရှာဖွေ စုဆောင်းထားနိုင်သောကြောင့် မိမိတစ်ကိုယ်ရေ ကျန်းမာရေးအတွက်သာမက မိမိ မိသားစုအတွင်း၌ဖြစ်စေ၊ မိမိပတ်ဝန်းကျင် အိမ်နီးချင်းမိသားစုများအတွက် ဖြစ်စေ တစ်ဆင့်ဖြန့်ဝေ ပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## “လမ်းလျှောက်ကြပါစို့”

* လမ်းလျှောက်ခြင်းရဲ့အရသာ
လျှောက်သည့်အခါမှသိ။
ဘိုးဘိုးနဲ့ဘွားဘွားတို့မော်မဆုံး
ရွှင်ပြုံးကြ၏။

* ကိုယ်ခန္ဓာပေ့ါပါးလို့
လျော့သွားတဲ့ကြွက်သားတွေ၊
အကြောအခြင်ကပြေ
ခရီးရှည်ကိုလျှောက်ဦးမည်လား။
ဘိုးဘိုးကတုတ်ကောက်မြှောက်
တောက်ခေါက်၍ကြွား။

* နှင်းဝေဝေမြောက်လေသွေးတော့
ချမ်းအေးမယ်လို့စိတ်ကထင်။
အထင်နှင့်အမြင်အလွန်ပင်ကွာဟ၊
မာန်ပါပါဟန်လွှဲလျှောက်တော့
ချွေးပေါက်ပေါက်ကျ။

* လတ်ဆတ်လေရှူရှိုက်လို့
အဆုတ်၌စင်ကြယ်
သွေးကြောကျဉ်းရောဂါရယ်
အံ့ဖွယ်ပပျောက်သွား။

* ပြည်တစ်ခွင်မှာ
ဒီဇင်ဘာလမ်းလျှောက်ပွဲကို
နွှဲကြစို့လား။

မောင်ရည်တင့်(မအူပင်)

# ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်အမှာစကား ပြောကြား

နေပြည်တော် ဒီဇင်ဘာ ၈

**ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**





အဆိုပါ အခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာခင်မောင်ညွန့်နှင့် ဦးကျော်၊ ရှေးဟောင်းသုတေသန ပညာရှင် ဦးမြင့်အောင်၊ ရန်ကုန်တက္ကသိုလ် ရှေးဟောင်း သုတေသနပညာဌာန ပါမောက္ခဦးစံရွှေ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တို့မှ သုတေသနပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းရေးတာဝန်ကို ဆောင်ရွက်ရာတွင် ဦးစီးဌာနအလိုက် စာတမ်းဖတ်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ကျင်းပခဲ့သည်မှာ ယခုစာတမ်းဖတ်ပွဲသည် ပဉ္စမအကြိမ်မြောက်ဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သော စာတမ်းဖတ်ပွဲများက ဖော်ထုတ်တင်ပြလိုက်သည့် သုတေသနတွေ့ရှိချက်အသစ်များ၊ အတွေးအမြင်သစ်များသည် အားရဖွယ်ကောင်းသည့် အချက်များရှိသကဲ့သို့ ယင်းအချက်များအပေါ် မူတည်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများလည်း ရှိနေပြီဆိုခြင်းကို သုံးသပ်သိမြင်ကြမှာဖြစ်ကြောင်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုသမိုင်းစဉ်များဆိုင်ရာ သုတေသနပြု ဖော်ထုတ်တွေ့ရှိချက်များသည် မြန်မာတို့၏ ဇာတိဇာစ်မြစ်ကို ကျယ်ပြန့်နက်ရှိုင်းစွာ ဖော်ထုတ်နိုင်သည်နှင့်အမျှ မြန်မာတို့၏ဇာတိမာန် ရင့်သန်ခိုင်မာစေရေးအတွက်လည်း များစွာအထောက်အကူပြုစေနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထင်ရှားသော သာဓကသုံးရပ်အနေနှင့် "လူသားမျိုးနွယ်အစ မြန်မာက" ဟူသည့် အထောက်အထားများကို ဖော်ထုတ်နိုင်ခဲ့ခြင်း၊ "မြန်မာ အစ မြန်မာက"ဟူသည့်အဆိုကို ပိုင်နိုင်စွာ ထောက်ခံနိုင်သော သုတေသနတွေ့ရှိချက်များကို ဖော်ထုတ်နိုင်ခဲ့ခြင်းနှင့် မြန်မာယဉ်ကျေးမှု ကြေးခေတ်ဒေသများကို ဖော်ထုတ်နိုင်ခဲ့ခြင်းတို့ ဖြစ်ကြောင်း၊ ၁၉၇၈ ခုနှစ်က စတင်တွေ့ရှိခဲ့သော လူသားမျိုးနွယ်အစနှင့် စပ်လျဉ်းသည့် ပရိုင်းမိတ်များကို ၁၉၉၈ ခုနှစ်တွင် စစ်ကိုင်းတိုင်း မြိုင်မြို့နယ် ပုံတောင်ဒေသ၌ တွေ့ရှိခဲ့သော ပုံတောင်ဂျီးယားစ် ပရိုင်းမိတ်များနှင့် ထပ်မံပေါင်းစပ်ပြီး နိုင်ငံတကာ ပရိုင်းမိတ်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော စာတမ်းဖတ်ပွဲများ၊ လက်တွေ့ကွင်းဆင်းလေ့လာမှုများက ထောက်ခံချက်များအရ "လူသားမျိုးနွယ်အစ မြန်မာက"ဟု ဂုဏ်ယူဝင့်ကြွား ကြွေးကြော်မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် "မြန်မာအစ မြန်မာက"ဟု ဆိုနိုင်မည့် ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ တကောင်းအဖြစ် ဖော်ထုတ်သက်သေပြနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အလားတူစွာ ယခင်က မြန်မာ့ယဉ်ကျေးမှုတွင် ကြေးခေတ်ယဉ်ကျေးမှု အထောက်အထားများကို ဖော်ထုတ်တင်ပြနိုင်ခဲ့ခြင်း မရှိသည်နှင့်အမျှ သမိုင်းပညာရှင်များက မြန်မာ့ယဉ်ကျေးမှုသည် သမိုင်းမတင်မီ ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုထွန်းကားခဲ့ပြီးနောက် မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သော သံခေတ်ယဉ်ကျေးမှုကို တစ်ဆင့်ကျော် ကူးပြောင်းထွန်းကားခဲ့သည်ဟုဆိုခဲ့ကြကြောင်း၊ ၁၉၉၈ ခုနှစ်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ်က ညောင်တန်းကြေးခေတ်ယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ခဲ့ပြီး ယနေ့အထိလည်း မိတ္ထီလာခရိုင်၊ မြင်ဦးလှည့်၊ နှောကန်၊ ချောင်းမကြီး၊ ဥမင်၊ ရွာထင်၊ မုံထူး၊ အင်းတဲ၊ ညောင်ကုန်း၊ ကုက္ကိုခါးလှ၊ ကန်သစ်ကုန်း အစရှိသည့်ဒေသများနှင့် ရမည်းသင်းခရိုင် မြို့လှဒေသများတွင် ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ရာ အထောက်အထားများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုသမိုင်းစဉ်အရ ကျောက်ခေတ်ယဉ်ကျေးမှု ထွန်းကားပြီး အစဉ်အဆက်ဖြစ်သော ကြေးခေတ်ယဉ်ကျေးမှုလည်း ထွန်းကားခဲ့ခြင်းကို ခိုင်မာစွာ ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု သာဓကအဖြစ် တင်ပြခဲ့သော သုတေသနပြုဖော်ထုတ်တွေ့ရှိချက် (၃)ရပ်သည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့သမိုင်းစဉ်အတွက် ခိုင်မာပြီး ကြီးမားသည့် အထောက်အထားသက်သေများ ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် လူသားမျိုးနွယ်အစ ဖြစ်တည်ထွန်းကားမှုမှနေ၍ သမိုင်းအကြိုခေတ် ပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာ အထောက်အထားများ ခေတ်စဉ်အတိုင်း လေ့လာသုတေသနပြုနိုင်ခြင်းအားဖြင့် မြန်မာလူမျိုးများသည် မြန်မာ့ရေ၊ မြန်မာ့မြေပေါ်တွင် အဆင့်ဆင့်ပေါက်ဖွားရှင်သန် ထွန်းကားခဲ့ခြင်းကို ထုတ်ဖော်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

၎င်းအချက်များသည် မြန်မာတို့၏ ဇာတိဇစ်မြစ်နှင့်အတူ ယဉ်ကျေးမှု သမိုင်းခိုင်မာမှုကို ထုတ်ဖော်တင်ပြနိုင်ခဲ့သည့်အတွက် အလွန်ပင် အရေးပါလှသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရှေးဦးပျူယဉ်ကျေးမှု ထွန်းကားခဲ့သော ပျူလူမျိုးများမှတစ်ဆင့် အနယ်နယ် အရပ်ရပ်ကို ပျံ့နှံ့ဖြာထွက်သွားကြရာမှ ရေမြေဒေသ၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုအစရှိသည့် အခြေခံအချက်များပေါ် မူတည်၍ ဝတ်စားဆင်ယင်မှု၊ အစားအသောက်၊ အနေအထိုင်၊ ရိုးရာဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှုများ ကွဲပြားသွားစေကာမူ မြန်မာတိုင်းရင်းသားအားလုံးသည် အသီးတစ်ရာ အညှာတစ်ခုဆိုသကဲ့သို့ ပျူလူမျိုးများက ဆင်းသက်ပြီး ပျူယဉ်ကျေးမှုဆိုသည့် ပင်စည်ကြီးမှ အခက်အလက်၊ အညွှန့်အဖူးများ ဝေဖြာဆင့်ပွား ထွန်းကားခဲ့ကြကြောင်း သုံးသပ်သိမြင်နိုင်ကြမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ယဉ်ကျေးမှုဝန်ကြီးဌာနအနေနှင့် စာတမ်းဖတ်ပွဲများကို အချိန်ကုန်ခံ၊ ငွေကုန်ကြေးကျခံ၍ ဆောင်ရွက်ရခြင်းသည် ရှေးဟောင်းသုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များအပေါ် လေ့လာသုံးသပ်ဆင်ခြင်ပြီး ခိုင်မာသော မြန်မာ့သမိုင်းစဉ်ကို အသစ်တစ်ဖန် ဖော်ထုတ်ရေးသား မှတ်တမ်းတင်နိုင်ဖို့ ဖြစ်ကြောင်းကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများအနေနှင့် မမေ့မလျော့ဘဲ စွဲမြဲမှတ်ယူထားဖို့ လိုအပ်ကြောင်း၊ အသိပေးပြောကြားလိုကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသည့် ရှေးဟောင်းသမိုင်း အထောက်အထားများ စာတမ်းဖတ်ပွဲကို တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်တကွ စာတမ်းရှင်များ၊ သုတေသီများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံး ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ အသိအမြင်ပေါ်တွင် အမျိုးသားရေး အသိအမြင် ပေါင်းစပ်လျက် ရည်မှန်းချက်များ ပေါက်မြောက်အောင် ပိုမိုအားထုတ်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားပြီး ရှေးဟောင်းသမိုင်း အထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနဌာန၊အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောပြီး စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာတမ်းဖတ်ပွဲကို နံနက် ၉ နာရီတွင် စတင်ကျင်းပပြီး အလှည့်ကျသဘာပတိများအဖြစ် မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် အတွင်းရေးမှူးဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာခင်မောင်ညွန့်နှင့် ဦးကျော်၊ ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်တို့က ဆောင်ရွက်ကြသည်။

နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း)မှ ညွှန်ကြားရေးမှူး ဦးအေးမောင်က "မိုင်းမောမြို့ဟောင်း တူးဖော်မှု သုတေသန" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေက "ဟန်လင်းမြို့ဟောင်း ကုန်းအမှတ် (၂၇)နှင့်(၂၈)သုတေသနပြုတူးဖော်မှု အထောက်အထားများ" စာတမ်းကိုလည်းကောင်း ဖတ်ကြားပြီးနောက် စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် (လှိုင်ကော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းကျော်က"တကောင်းမြို့ဟောင်းကုန်းအမှတ် (၂၉-၂၀၀၈) တူးဖော်မှုမှရရှိသော ရှေးဟောင်း ယဉ်ကျေးမှုဝတ္ထုပစ္စည်းများနှင့် ခေတ်အပိုင်းအခြားသုံးသပ်ချက်" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း)မှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်က "ပုဂံအကြိုဗိသုကာပညာလေ့လာချက်" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသန ပညာဌာနမှ ပါမောက္ခဦးစံရွှေက "ပုဂံမင်စာနှင့် နံရံပန်းချီများမှ ပုဂံခေတ်ဓလေ့" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက "စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ မြန်မာ့ရှေးဟောင်းသုတေသန" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းသည်။

ဖတ်ကြား တင်သွင်းသွားသော စာတမ်းများနှင့်စပ်လျဉ်း၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်၊ ဦးကျော်၊ ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ ဒေါက်တာဘမောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ဒေါ်စန္ဒာခင်နှင့် တက်ရောက်လာကြသော ပညာရှင်များ၊ ဧည့်သည်တော်များ၊ သုတေသီများက ဆွေးနွေးအကြံပြုမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှေးဟောင်း သမိုင်းအထောက်အထားများ သုတေသန စာတမ်းဖတ်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(ယဉ်ကျေးမှု)

---

## မူလအလက(၂) ယခုအထက(၅) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၈

(၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ရက် နံနက် ၉ နာရီတွင် အထက(၅)ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီး၊ ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဒေါ်သန်းသန်းငွေ၊ ဒေါ်စန်းစန်းငွေနှင့် ဒေါ်ကြူကြူငွေတို့ အကျိုးဆောင်အဖွဲ့ ဖုန်း-၆၉၀၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

---

## လူထုအခြေပြု ရှေးဦးပြုစုခြင်း (ဆင့်ပွား)သင်တန်းများဖွင့်

ရန်ကုန် ဒီဇင်ဘာ ၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့၏ ဦးဆောင်ပံ့ပိုးမှု မြို့နယ်ကြက်ခြေနီအသင်း၏ ကြီးကြပ်မှုဖြင့် လူထုအခြေပြု ရှေးဦးပြုစုခြင်း(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၄/၂၀၀၈)နှင့် (၅/၂၀၀၈)တို့ကို ကွမ်းခြံကုန်းမြို့နယ် မရမ်းကျေးရွာအုပ်စုနှင့် တောကျောင်းကျေးရွာအုပ်စုတို့၌ နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ သင်တန်းသား ၃၀စီဖြင့် ဖွင့်လှစ်ခဲ့ပြီး ရှေးဦးပြုစုခြင်း ပညာရပ်များ၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် အသိပညာများ ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)






**ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုး အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ တောင်ကြီးခရိုင် ဦးစီးဌာနမှူး ဦးမြင့်ရွှေက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်မေမျိုးဦးထံ ပေးအပ်စဉ်။**

(လူဝင်မှုကြီးကြပ်ရေး)

# ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း စက်မှုသင်တန်းကျောင်းစီမံကိန်း(ပခုက္ကူ)နှင့် စက်နှင့် စက်ကိရိယာထုတ်လုပ်မှုစက်ရုံစီမံကိန်း(မြိုင်)တို့ကို ကြည့်ရှုစစ်ဆေး

**ကြည့်ရှုစစ်ဆေး**

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း စက်နှင့်စက်ကိရိယာထုတ်လုပ်မှုစက်ရုံ စီမံကိန်း(မြိုင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



နေပြည်တော် ဒီဇင်ဘာ ၈

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဒီဇင်ဘာ ၆ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့အနီးရှိ စက်မှုသင်တန်းကျောင်း စီမံကိန်း(ပခုက္ကူ)သို့ ရောက်ရှိရာ စီမံကိန်းယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက သင်ကြားရေးဆောင် သုံးဆောင်နှင့် ပင်မဆောင်အတွက် မြေနေရာပြုပြင်ပြီးစီးမှု၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်နေမှုနှင့် ရေရရှိရေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။**

ယင်းနောက် ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်နှင့် စက်ကိရိယာထုတ်လုပ်မှုစက်ရုံစီမံကိန်း(မြိုင်)သို့ ဆက်လက်ထွက်ခွာရာ နံနက် ၁၀ နာရီခွဲတွင် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။ ရှေးဦးစွာ စီမံကိန်းတာဝန်ခံက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေမှုနှင့် စက်ရုံမှ ထုတ်လုပ်မည့်စက်များ၊ ထုတ်လုပ်မှုဆိုင်ရာ စီမံချက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် Machine Shop, Mould & Die Making Shop, Assembly Shop, Sheet Metal & Painting Shop, Heat Treatment Shop, Foundry Shop နှင့် Warehouse တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အလုပ်ရုံအလိုက် ဆောင်ရွက်ရန်ရှိသည်များကို အပြီးသတ်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❍ ကျောဖုံးမှ**

မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး အပူပိုင်းခြောက်သွေ့လွင်ပြင်ဒေသတွင် ပါဝင်သည်။ ဧရိယာ ၄ဒသမ ၆၄စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေ ၉၅၀၀၀ ကျော်နေထိုင်လျက်ရှိသည်။ ထူးခြားသည်မှာ မိတ္ထီလာကန်ကြီးသည် မြို့အကျယ်အဝန်းနှင့် အညီအမျှရှိသည်ဟု သိခဲ့ရသည်။ မိတ္ထီလာကန်ကြီးအား မည်သည့်ခေတ်ကာလက တူးဖော်ခဲ့သည်ကို အထောက်အထား ခိုင်ခိုင်လုံလုံ မသိရသော်လည်း ရှေးမင်းများအဆက်ဆက် ပြုပြင်ဆယ်ဖို့ခဲ့ကြပြီး မိတ္ထီလာကန်မှ ရေကို စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက်ပါ ခေတ်အဆက်ဆက် မှီခိုအားထား သုံးစွဲနေကြရသည်။

မိတ္ထီလာကန်သည် ရေချို ရရှိသော်လည်း အနီးတစ်ဝိုက်တွင် တူးဖော်ပါက ရေငန်သာထွက်ရှိခြင်းက ထူးခြားမှု တစ်ရပ်ပင်။

ကြေးမုံ သတင်းအဖွဲ့သည် မိတ္ထီလာကန်မှရေကို စနစ်တကျ ဖြန့်ဖြူးပေးလျက်ရှိသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို လေ့လာခဲ့သည်။

မိတ္ထီလာမြို့ပေါ်တွင် ရပ်ကွက် ၁၄ ရပ်ကွက်ရှိသည့်အနက် ရပ်ကွက် ၁၁ ရပ်ကွက်အား မိတ္ထီလာကန်မှ ရေကို ဖြန့်ဖြူးပေးလျက်ရှိသည်။ ရေဖြန့်ဖြူးရာတွင် ဌာနပိုင်ရေစက်ရုံ ခြောက်ရုံမှ နေ့စဉ်ရေဂါလန် ဝဒသမ၄၄သန်း ဖြန့်ဖြူးပေးလျက်ရှိသည်။ ရေစက်ရုံ အမှတ်(၁)တွင် မြင်းကောင်ရေ ၁၀၀ အားရှိ ရေတင်စက် သုံးလုံးဖြင့်လည်းကောင်း၊ ရေစက်ရုံ အမှတ်(၅)တွင် မြင်းကောင်ရေ ၄၀ အား တစ်လုံး၊ ၅၀ အား တစ်လုံး၊ ၂၅ ကောင်အား တစ်လုံး စုစုပေါင်းသုံးလုံးဖြင့်လည်းကောင်း၊ ထို့အတူပင် ရေစက်ရုံ အမှတ်(၂)တွင် သုံးလုံး၊ စက်ရုံ အမှတ်(၃)တွင် သုံးလုံး၊ စက်ရုံ အမှတ်(၄)တွင် နှစ်လုံး၊ စက်ရုံ အမှတ်(၆)တွင် နှစ်လုံးဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

ရေဖြန့်ဝေရာတွင်လည်း စနစ်တကျ မျှမျှတတ ရရှိရေးနှင့် ရေအလေအလွင့် မရှိစေရေးအတွက် အိမ်သွယ်ရေတိုင် ၄၈၆၉ တိုင်အား ရေမီတာတပ်ဆင်ပေးပြီး ဖြန့်ဖြူးပေးလျက်ရှိသည်။

မြို့နေပြည်သူများအား သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေနိုင်ရန် ရေစက်ရုံခြောက်ရုံတွင် ကလိုရင်းစပ် စက်ရှစ်လုံး တပ်ဆင်၍လည်းကောင်း၊ ရေစိမ့်တွင်းများ၌ ရေစစ်ကန်များ ပြုလုပ်၍လည်းကောင်း ဖြန့်ဝေပေးလျက်ရှိသည်။

မိတ္ထီလာကန်ရေအား ခေတ်အဆက်ဆက် သုံးစွဲလာခဲ့ကြသော်လည်း လူဦးရေများပြားလာမှုနှင့် အတူ မြို့နေပြည်သူများအား မိတ္ထီလာကန်ရေအစား ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေ ပေးဝေနိုင်ရန်အတွက် ရေချို ရရှိနိုင်သော နေရာများကို ရှာဖွေတူးဖော်ခဲ့ရာ မိတ္ထီလာကန်မှနှစ်မိုင်အကွာ အောင်ဇေယျာရပ်ကွက်တွင် ရေချိုရရှိသဖြင့် မဟာစည်မြေအောက်ရေ စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။

၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေ ၁၇၄ ဒသမ ၅သန်းဖြင့် စတင်အကောင်အထည်ဖော်ခဲ့ရာ ၎င်းဘဏ္ဍာရေးနှစ်တွင် လေးလက်မ အစမ်းတွင်း သုံးတွင်း၊ ၁၀လက်မ ထုတ်လုပ်ရေးတွင်း ငါးတွင်း တူးဖော်နိုင်ခဲ့ပြီး ၅၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်း သွယ်တန်းခြင်း၊ ဂါလန် နှစ်သိန်းဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံငါးရုံ တည်ဆောက်ခြင်း၊ လေးလက်မရေထုတ်ပိုက်တပ်ဆင်ခြင်း၊ ရေတွန်းပန့်စက်ရုံတည်ဆောက်ခြင်း၊ စက်ရေတွင်းမှ ရေစုကန်သို့ ပိုက်လိုင်းသွယ်တန်းခြင်းနှင့် မြင်းကောင်ရေ ၂၀ အားရှိ ရေမြှုပ်ပန့် ငါးလုံးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

မဟာစည်ရေပေးရေးလုပ်ငန်းအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မြို့လူထုအား သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေနိုင်ရန် လမ်းညွှန်ချက်အရ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မဟာစည် မြေအောက်ရေပေးရေး လုပ်ငန်းအတွက် ဂါလန်နှစ်သိန်းဆံ့ ရေလှောင်ကန် အနီးတွင် မြင်းကောင်ရေ ၃၀အားရှိ မော်တာနှင့် ပန့်တပ်ဆင်ခြင်း၊ ဂါလန်နှစ်သိန်းဆံ့ ရေလှောင်ကန်မှ ဂါလန် ၃၀၀၀၀ ဆံ့ရေလှောင်ကန်သို့ လေးလက်မ ပိုက် ပေ ၁၁၀၀၀ သွယ်တန်းခြင်း၊ ဂါလန်သုံးသောင်းဆံ့ရေလှောင်ကန်မှ ရေပေးဝေမည့်နေရာသို့ နှစ်လက်မ ပိုက် ပေ ၁၁၀၀ ဆက်သွယ်ခြင်း၊ ဂါလန်သုံးသောင်းဆံ့ရေလှောင်ကန်မှ ပုလဲဈေးအနီး အများသုံး ရေကန်နှစ်ခုသို့ လေးလက်မပိုက်ပေ ၄၀၀၀ ဆက်သွယ်ခြင်း၊ ခရိုင်အားကစားကွင်းအနီးတွင် ဂါလန်သုံးသောင်းဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်း၊ အောင်ဇေယျာရပ်ကွက် ပုလဲဈေးအနီးတွင် ဂါလန်နှစ်ထောင်ဆံ့ အများသုံးအုတ်ကန်နှစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအား ကုန်ကျငွေကျပ် ၇၂ဒသမ၉၃ သန်းဖြင့် ဌာနမှ ဆောင်ရွက်ပေးခဲ့ရာ ရေရှားပါးသည့် အောင်ဇေယျာရပ်ကွက်ရှိ မူလရေတိုင် ၆၀ ခန့်နှင့် အများသုံး ရေကန်နှစ်ကန်မှ ရေဖြန့်ဝေပေးလျက်ရှိပြီး အကျိုးသက်ရောက် လူဦးရေ ၆၄၀၀ခန့်ဖြစ်၍ အောင်ဇေယျာရပ်ကွက် နယ်မြေ(၉)နှင့် (၁၆)တွင်ရေတိုင် ၁၇၀ခန့် ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



**ဒီလိုမျိုး ရေချို၊ ရေသန့်ရရှိတဲ့အတွက် တစ်ရပ်ကွက်လုံးက ဝမ်းသာနေကြပါတယ်။**

*ဦးစိုးမြင့်ကျော်-ရပ်မိရပ်ဖ*
*အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၉)*

ကြေးမုံသတင်းအဖွဲ့သည် မဟာစည်ရေပေးရေးလုပ်ငန်းသို့ သွားရောက်လေ့လာခဲ့ပြီး လက်ရှိ ရေဖြန့်ဝေပေးလျက်ရှိသော အောင်ဇေယျာရပ်ကွက် နယ်မြေ(၉)ရှိ အများသုံးရေကန်၌ ရေရယူသုံးစွဲနေသည့် ဒေါ်ဝင်းဝင်းသန်းအား မေးမြန်းခဲ့ရာ "ဒီရေရတာ တော်တော်ကံကောင်းပါတယ်၊ သောက်ရေ၊ ချက်ရေ၊ ပြုတ်ရေအတွက် အဓိကထားသုံးပါတယ်၊ ရေပေးတဲ့အချိန်မှာ သယ်ပြီးတော့ အုတ်ကန်တွေနဲ့ သိုလှောင်ထားပါတယ်၊ အရင်ကဆို ရေအတွက် တော်တော်အခက်အခဲဖြစ်ရပါတယ်၊ နေ့စဉ် ရေဝယ်သုံးနေရတယ်၊ အခု ဒီရေရတာ တစ်နှစ်ကျော်သွားပါပြီ၊ အခမဲ့ဖြန့်ဝေပေးတာပါ၊ ကျွန်မတို့ ရေအတွက်တော့ မပူရတော့ပါဘူး"ဟု ကြားသိခဲ့ရသည်။

ဆက်လက်၍ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးစိုးမြင့်ကျော်ကလည်း "ဒီလိုမျိုး ရေချို၊ ရေသန့်ရရှိတဲ့အတွက် တစ်ရပ်ကွက်လုံးက ဝမ်းသာနေကြပါတယ်၊ ရေသန့်ဝယ်မသောက်နိုင်တဲ့ ချို့တဲ့နွမ်းပါးတဲ့ သူတွေအတွက် အရမ်း အဆင်ပြေသွားပါတယ်၊ ဒီအတွက် နိုင်ငံတော်ကိုရော ဌာနကိုပါ ကျေးဇူးတင်ပါတယ်"ဟု ပြောပြသွားသည်။



**အခုရေရတာ တစ်နှစ်ကျော်သွားပါပြီ၊ အခမဲ့ဖြန့်ဝေပေးတာပါ၊ ကျွန်မတို့ ရေအတွက်တော့ မပူရတော့ပါဘူး။**

*ဒေါ်ဝင်းဝင်းသန်း*
*အောင်ဇေယျာရပ်ကွက်နယ်မြေ(၉)*

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့် လက်ရှိ အနေအထားအရ မိတ္ထီလာကန်မှ ရေနှင့် မဟာစည် ရေပေးရေး စီမံကိန်းမှ မြေအောက်ရေတို့ဖြင့် မြို့နေပြည်သူများအား ရေဖြန့်ဝေပေးလျက်ရှိသော်လည်း နောင်တွင် မြို့နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန်အတွက် မဟာစည်ရေပေးရေးစီမံကိန်းမှ မြေအောက်ရေအား တစ်မြို့လုံး လွှမ်းခြုံပေးဝေနိုင်ရန် ရေပို့ပိုက်လိုင်းများ၊ ရေတွန်းစက်များ တိုးချဲ့တပ်ဆင်သွယ်တန်းခြင်းလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## အထက(၆)အလုံ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

၁၉၆၆မှ ၁၉၉၆ ပညာသင်နှစ်အထိ အထက(၆)အလုံတွင် ပညာသင်ကြားခဲ့သော ကျောင်းသား/ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား/ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းနှင့် အာစရိယပူဇော်ပွဲအတွက် အောက်ဖော်ပြပါ ကျောင်းသားဟောင်းများဖြစ်သည့် ဆရာမ ဒေါ်ဆူဇီလှသန်း ဖုန်း-၂၂၀၇၉၀ (ကျောင်းဖုန်း)၊ ဦးစိန်ဝင်း (၇၄) ဖုန်း-၂၂၀၅၇၃၊ ဒေါ်နှင်းနှင်းယု (၈၁) ဖုန်း-၅၀၄၀၂၂၊ ဦးမြင့်ခိုင် (၈၄) ဖုန်း-၀၉-၅၁၉၇၄၁၄၊ ဦးသီဟညွန့် (၈၆) ဖုန်း-၀၉-၅၁၀၇၃၀၃၊ ဦးဆန်းသွင် (၉၁) ဖုန်း-၂၂၀၈၃၆၊ ဦးဘိုဇာမောင် (၉၅) ဖုန်း-၀၉-၅၁၆၅၆၂၊ ဦးပြုံးဝမ် (၈၀) ဖုန်း-၇၂၅၃၃၃၊ ဦးမိုးကျော်အေး (၈၃) ဖုန်း-၂၂၂၁၄၂၊ ဦးမင်းထွန်း (၈၅) ဖုန်း-၀၉-၅၀၁၂၁၅၄၊ ဦးကိုကိုကျော်ညွန့် (၈၇) ဖုန်း-၀၉-၅၀၀၆၄၃၆၊ ဒေါ်ယဉ်မင်းချောစု (၉၂) ဖုန်း-၅၀၅၅၇၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

## ချစ်နိုင်(စိတ်ပညာ)၏ "အောင်ပွဲခံသူဖြစ်ပါစေ" စာအုပ်ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၈**

ဦးချစ်နိုင် (ချစ်နိုင်စိတ်ပညာ)၏ ၇၇ အုပ်မြောက် "အောင်ပွဲခံသူဖြစ်ပါစေ" စာအုပ်ထွက်ရှိလာသည်။ **(ယာပုံ)**




အဆိုပါစာအုပ်တွင် စာရေးသူက "လူ့ဘဝတွင် တွေ့ကြုံရသော အခက်အခဲမျိုးမျိုး၊ ပြဿနာအထွေထွေ၊ ဒုက္ခအဖုံဖုံတို့ကို အောင်မြင်အောင် ကျော်လွှားဖြတ်သန်းနိုင်ရန် ရုန်းကန်ကြိုးစားရမည်ဖြစ်ကြောင်း၊ မညည်းမညူ ပျော်ပျော်ရွှင်ရွှင် အောင်မြင်စွာ ဖြတ်သန်းလွတ်မြောက်စေမည့် အကြံကောင်း၊ ဉာဏ်ကောင်းများကို စာကောင်းပေကောင်းများနှင့် ဘဝအတွေ့အကြုံများထဲမှ ကောက်နုတ်ရွေးချယ်၍ ဤစာအုပ်တွင် တင်ပြထားကြောင်း" ဖော်ပြထားသည်။

အောင်ပွဲခံသူဖြစ်ပါစေ စာအုပ်တွင် တကယ်တော့ ဘဝဆိုတာ၊ အမေနဲ့ရွာကို လွမ်းတယ်၊ မန်းအနုပညာတက္ကသိုလ်သို့ တစ်ခေါက်၊ တစ်နေ့တာ အတွေ့အကြုံ၊ ကံကောင်းအောင် အလျင်လုပ်၊ စွမ်းဆောင်ရည်မြင့်စေသည့် အခြေခံအချက်များ စသည့် ဆောင်းပါး ၁၇ပုဒ်ကို စုစည်းဖော်ပြထားသည်။ နိုင်စာပေ အမှတ်(၂၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၄၂၇၀၊ ၀၁-၅၄၆၆၂၉ တို့မှ ဖြန့်ချိ၍ တန်ဖိုးငွေကျပ် ၁၀၀၀ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)